
### (၁) ကြက်သွန်တောက်တဲ့မြီးရောဂါ (Purple blotch)

ရောဂါဖြစ်စေသောသက်ရှိ- ***Alternaria porri (Ellis) Cif.***

ရောဂါလက္ခဏာ

ပထမဆုံး လက္ခဏာများမှာ သေးငယ်သော အဖြူကွက်များကြက်သွန်မြိတ်/ အရွက်များ တွင်ဖြစ်ပေါ်သည်။ စိုစွတ်သောရာသီဥတုအခြေအနေများတွင် ရောဂါပြင်းထန်လာပြီး ကြက်သွန်အမြိတ်ပေါ်တွင် အညိုရောင်အပြောက် အလယ်၌ ခရမ်းရောင် ရှိ၍ ဘဲဥပုံ ဗဟိုတူ စက်ဝိုင်းရစ်များပါသော အကွက်များ ဖြစ်ပေါ်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- စိုက်ပျိုးရာသီးတစ်ခုနှင့်တစ်ခုကြား ထယ်ထိုးမြေလှန်ထားပါ။
- ခြောက်သွေ့ပြီး ကောင်းမွန်စွာ သိုလှောင်ထားသော မျိုးကို အသုံးပြုပါ။
- ရောဂါကျအခင်းမှ ပင်ကြွင်းပင်ကျန်များကို စုပုံ၍ မီးရှို့ပစ်ပါ။
- ကြက်သွန်ခင်းတွင် ရေမဝပ်စေရ။
- သီးနှံအလှည့်ကျစိုက်ပျိုးပါ။
- ရောဂါကျရောက်ပါက အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်းအသုံး ပြုပါ။

Azoxystrobin (အဇိုဆီစထရိုဘင်)၊ Mancozeb (မန်ကိုဇက်)၊ Iprodione (အိုင်ပရိုဒီရုန်း)၊ Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)